**ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်**

**နိုင်ငံတော်ကောင်စီ**

**နိုင်ငံ့ဂုဏ်ရည်ဘွဲ့ကို တီထွင်ပြဋ္ဌာန်းသည့်အမိန့်**

**အမိန့်အမှတ် ၁/၈၀**

**ရန်ကုန်မြို့၊ ၁၃၄၂ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်**

**(၁၉၈၀ပြည့်နှစ်၊ မေလ ၂၈ရက်)**

မြန်မာ့သမိုင်း၌ ခေတ်အဆက်ဆက်တွင် နိုင်ငံတော်အကျိုးအတွက် ကိုယ်ကျိုးမဖက် အနစ်နာခံ၍ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များရှိကြပါသည်။ ထိုကဲ့သို့ နိုင်ငံတော်အတွက် စစ်မှန်သော စေတနာဖြင့် ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအနက် မှ သက်ရှိထင်ရှားရှိကြသေးသော ပုဂ္ဂိုလ်များကို ဂုဏ်ပြုချီးမြှင့်ရန် လိုအပ်ပါသည်။ ထိုပုဂ္ဂိုလ်များကို ဂုဏ်ပြုချီးမြှင့်ရန်အတွက် နိုင်ငံတော်ကောင်စီသည် အခြေခံဥပဒေပုဒ်မ၇၃၊ ပုဒ်မခွဲ(ဃ) အရ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ကို တီထွင်ပြဋ္ဌာန်းလိုက်သည်။

(ပုံ) နေဝင်း

ဥက္ကဋ္ဌ

နိုင်ငံတော်ကောင်စီ